EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
132 SATHON NUEA ROAD, BANGKOK 10500, THAILAND
Tel:(662) 233 2237, 233 7250, 234 4698, 237 7744, Fax:(662) 236 6898

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ထိုင်းနိုင်ငံအစိုးရတို့အကြား သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအား ပြည်ဝင်ဗီဇာ အပြန်အလှန် ကင်းလွတ်ခွင့်ပြုရေးဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီး ဖြစ်ကြောင်းအသိပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ထိုင်းနိုင်ငံ အစိုးရတို့အကြား သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအား ပြည်ဝင်ဗီဇာ အပြန်အလှန် ကင်းလွတ်ခွင့်ပြုရေး သဘောတူစာချုပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီး ဗိုလ်ချုပ်ကြီး တန်နာဆတ်ခ်ပတိမပရာဂွန်တို့မှ ၂၈-၇-၂၀၁၅ ရက်နေ့၊ ချင်းမိုင်မြို့၌ ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် မြန်မာ - ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဝန်ကြီး အဆင့် ပူးတွဲကော်မရှင် အစည်းအဝေးတွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။

၂။ ဤသဘောတူစာချုပ်သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၁၁) ရက်နေ့မှစတင်၍ အသက်ဝင် အတည် (Enter into Force) ဖြစ်လာမည်ဖြစ်ပါသည်။

၃။ သို့ပါ၍ သဘောတူညီချက်အရ ခိုင်လုံသော ( သက်တမ်းရှိ ) သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားကြသည့် စာချုပ်ဝင်နိုင်ငံ၏ နိုင်ငံသားများသည် အခြားတစ်ဘက် စာချုပ်ဝင် နိုင်ငံ၏ နယ်မြေအတွင်း ဝင်ရောက်ခြင်း၊ ထွက်ခွာခြင်း၊ ခေတ္တနေထိုင်ခြင်း (သို့မဟုတ်) ဖြတ်သန်းသွား လာခြင်းတို့ အတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ တစ်ဆင့် ဝင်ခွင့် (သို့မဟုတ်) ထွက်ခွင့် နှင့် စပ်လျဉ်း၍ ရက်ပေါင်း(၁၄)ရက်ထက် မကျော်လွန်သည့် ကာလအတွင်း ဗီဇာကင်းလွတ်ခွင့် ရရှိမည်ဖြစ်ကြောင်း သက်ဆိုင်ရာအပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ဝင်ရောက်နိုင်မည်ဖြစ်ပါ ကြောင်း သိရှိနိုင်ပါရန် အသိပေးအပ်ပါသည်။

မြန်မာသံရုံး
ဗန်ကောက်မြို့

ရက်စွဲ၊ ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၄ ရက်